# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

## တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် အောက်ဖော်ပြပါ အရေအတွက်အတိုင်း လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး ရာထူးနေရာ** (လစာနှုန်း၊ ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) များအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ယင်းတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နီးစပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ကချင်ပြည်နယ် | - | ၁ | နေရာ |
| (ခ) | ကယားပြည်နယ် | - | ၆ | နေရာ |
| (ဂ) | ကရင်ပြည်နယ် | - | ၃ | နေရာ |
| (ဃ) | ချင်းပြည်နယ် | - | ၂ | နေရာ |
| (င) | စစ်ကိုင်းတိုင်းဒေသကြီး | - | ၅ | နေရာ |
| (စ) | တနင်္သာရီတိုင်းဒေသကြီး | - | ၄ | နေရာ |
| (ဆ) | ပဲခူးတိုင်းဒေသကြီး | - | ၂ | နေရာ |
| (ဇ) | မကွေးတိုင်းဒေသကြီး | - | ၂ | နေရာ |
| (ဈ) | မန္တလေးတိုင်းဒေသကြီး | - | ၄ | နေရာ |
| (ည) | မွန်ပြည်နယ် | - | ၃ | နေရာ |
| (ဋ) | ရခိုင်ပြည်နယ် | - | ၆ | နေရာ |
| (ဌ) | ရန်ကုန်တိုင်းဒေသကြီး | - | ၂၁ | နေရာ |
| (ဍ) | ရှမ်းပြည်နယ် | - | ၁၁ | နေရာ |
| (ဎ) | ဧရာဝတီတိုင်းဒေသကြီး | - | ၂ | နေရာ |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) ၃၀ - ၉ - ၂၀၂၂ ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(စ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မည်သည့်မြို့နယ်တွင်မဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့် အတူအောက်ပါအချက်များ ပါဝင်ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ ( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန် )

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ( မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။ )

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို **၁-၉-၂၀၂၂** ရက်နေ့မှစတင် ထုတ်ပေးသွားမည်ဖြစ်ပြီး **၃၀-၉-၂၀၂၂** ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်လွှာ ရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး များသို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက် နှင့် မကိုက်ညီသူများ၊ ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်း အထောက် အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက် နှင့် လူတွေ့စစ်ဆေးခြင်း ခံယူရမည့်ရက်တို့ကို လျှောက်လွှာ ရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ပြီး အဆိုပါရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ ရုံးအမှတ် (၂၂)၊ နေပြည်တော် ] ဖုန်း - ၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**